စိတ်ကူးချိုချိုအနုပညာ

ကြည်နိုင်

# သက်တံရောင်နှင့် ဒိန်းသံ

ရသစာတမ်းများ



## စာရေးသူ၏ အမှာ

“ကျွန်တော်သည် စာရေးရသည် ကို ငြီးငွေ့လာလျှင်

ဝတ္ထုဖတ်ရသည် ကို ပျင်းလာလျှင်

-သမိုင်းရာဇဝင် . . . . စသည် တို့ ကို ဖတ်ရသည် ကို ရှုပ်ထွေးလာလျှ
င်

-ဒဿန၊ အဘိဓမ္မာ စသည် တို့ ကို ဖတ်ရသည် ကို မောပန်းလာလျှင်

-ကဗျာဖတ်ရသည် ကို ရိုးလာလျှင်

-အခြားအခြားသော စာအမျိုးအစားများကို ဖတ်ရ၍ အီလာလျှင်

-ရသစာတမ်းများကို ကောက်ဖတ်ဖြစ်ပါသည် . . . . “

မြသန်းတင့်

( သက်တန့်ရောင် - စာအုပ်အမှာ )

ကျွန်တော်သည် အက်ဆေး ( ခေါ် ) ရသစာတမ်းများကို ကြိုကြား ကြိုကြားရေးဖြစ်ပါသည် ။ အက်ဆေးကို မြန်မာလို ကြံဆကြရာတွင် အစမ်း စာ၊ စာမွန်၊ စာတန်း၊ စာတမ်းငယ်၊ ရသစာတမ်း . . . ဟူ၍ အဆင့်ဆင့် ခရီးစဉ်ကို ဖြတ်သန်းခဲ့ရပါသည် ။

ပြင်သစ်ဘာသာ ( Essai ) မှ အင်္ဂလိပ်ဘာသာစကားတွင် ( Essay )

ဖြစ် လာပြီး အဘိဓာန်အနက်မှာ စမ်းသပ်ခြင်း၊ စမ်းကြည့်ခြင်းဟု အဓိပ္ပာယ် ရသဖြင့် “အစမ်းစာ” ဟု ဆိုကြခြင်းဖြစ်ပုံရပါသည် ။ တစ်ဖန် ထိုစာပေပုံ သဏ္ဌာန်သည် စိတ်လိုလက်ရ အမြတ်တနိုးရေးသားလေ့ ရှိသဖြင့်လည်း “စာမွန်” ဟု အမည်တပ်ပြန်ပါသည် ။

“အစမ်းစာ” ဟူသော အသုံးကို ဂန္ဓာလောကမဂ္ဂဇင်း ( ၁၉၂၈ - ၁၉၃၅ ) က စတင်သုံးခဲ့ပြီး “စာမှန်” ဆိုသော အသုံးကို မြန်မာ့စွယ်စုံကျမ်းက သုံးခဲ့သည် ဟု မှတ်သားရဖူးပါသည် ။ “စာတန်း” ဟူသော အသုံးကိုမူ ဆရာဇော်ဂျီစီစဉ်သည့် “ကံ့ကော်မြိုင်စာတန်း ( ၁၉၆၄ ) တွင် စတင်သုံးစွဲခဲ့ပါသည် ။ “စာတမ်းငယ်” ဟူသော အသုံးကိုကား ( ၁၉၈၆ ) ခုနှစ်တွင် စာပေ ဗိမာန်က ကြီးမှူးကျင်းပသည့် “စာတမ်းငယ်စာပေ” စာတမ်းဖတ်ပွဲတွင် စတင် အသုံးပြုခဲ့ပါသည် ။

ဤသို့ဖြင့် အသုံးမတည်မငြိမ်ဖြစ်နေရာမှ ယခုနောက်ပိုင်းတွင် ကျယ်လာသည့် “ရသစာတမ်း” ဟူသော အသုံးကို ဆရာမြသန်းတင့်က စတင်သုံးစွဲခဲ့သည် ဟု ယူဆမိပါသည် ။ မည်သို့ဖြစ်စေ အက်ဆေး (ရသစာတမ်း ) ကို ခိုင်ခိုင်မင်မင်ရေးသားလာကြသဖြင့် မြန်မာစာပေဖွံ့ဖြိုးရေးအတွက် များ စွာ အားတက်ဝမ်းမြောက်ဖွယ် ဖြစ်ပါသည် ။

ကျွန်တော်သည် သဘင်မဂ္ဂဇင်းထွက်စက “ပလွေတိုနှင့် ကျွန်တော်” ဟူသော စာတစ်ပုဒ်ရေးလိုက်ပါ၏။ မြို့ပြလူနေမှုတွင် မွန်းကျပ်နေရာမှ ထွက်ပေါက်ရှာရင်း ဇာတိကျေးလက်ကို ပြန်အောက်မေ့မိ၏။ ကျေးလက်တွင် ကျင်လည်ခဲ့ရသည့် ငယ်ဘဝသည် ပြန်တွေးမိတိုင်း ဆွတ်ပျံ့ဖွယ်ရာ တသ အောက်မေ့ဖွယ်ရာ၊ ကြည်နူးဖွယ်ရာ ဖြစ်ရပါသည် ။ ကျေးလက်ငယ်ဘဝ အလွမ်းစိတ်ဖြင့် “ပလွေတိုနှင့် ကျွတော်” ဟူသည့် စာတစ်ပုဒ်ကို ကျွန်တော် ရေးဖြစ်လိုက်၏။ ဝတ္ထုလည်း မဟုတ်၊

ဆောင်းပါးလည်း မဟုတ် ရေးလိုက်စဉ်က အက်ဆေးမှန်းမသိခဲ့။ နောက်မှ တစ်စစ သိလာရခြင်း ဖြစ်ပါသည် ။

ကျွန်တော်စံပြုသည့် အက်ဆေးဆရာသည် ဆရာတိုက်စိုး ဖြစ်၏။ ဆရာတိုက်စိုး၏ စာပေတွင် ကျစ်လျစ်ခြင်းဂုဏ်ကို ကျွန်တော် သတိပြုမိ၏။ ကျွန်တော် အကြိမ်ကြိမ် ဖတ်၍ မရိုးနိုင်သည့် အက်ဆေးစာအုပ်မှာ "ကံ့ကော်မြိုင်စာတန်း" ဖြစ်ပါသည် ။ တစ်ပုဒ်ချင်းပင် သူ့ရသနှင့် သူ၊ သူ့ဂုဏ်နှင့် သူ ဖြစ်၏။ တစ်ပုဒ်တစ်ပုဒ်ကို အချိန်ယူကာ စိမ်ဖတ်နိုင်လျှင် ရသနှစ်သက်ခြင်းနှင့် အတူ ဘဝအတွေးအမြင်တို့ ကို တိုးပွားလာနိုင်သည် ဟု မှတ်ယူမိ၏။ ဆရာမင်းသုဝဏ်၏ "လူလည်း တတွေရေလည်း တခြား" ကို ဆရာမောင်ခင်မင် ( ဓနုဖြူ ) က ခံစာသုံးသပ်ချက်ရေးဖူး၏ ။ ဆရာမင်းသုဝဏ်၏ ဘဝတစ်ကွေ့ အတွေ့အကြုံနှင့် ခံစားမှု၊ ထိုခံစားမှုကို သရုပ်ဖော်ပြသည့် ရေးဟန် . . . တို့ ကို သုံးသပ်ပြထားသည် မှာ မှတ်သားဖွယ်ကောင်းလှသည် ။

"အခြားအခြားသော စာအမျိုးအစားများကို ဖတ်ရ၍ အီလာလျှင် ရသစာတမ်းများကို ကောက်ဖတ်ဖြစ်ပါသည် . . . " ဟု ဆရာမြသန်းတင့်က စာပေဖတ်ရှုမှု သူ့အတွေ့အကြုံကို ကျွန်တော်၏ ပထမဦးဆုံး ရသစာတမ်းစာအုပ်ဖြစ်သည့် "သက်တံ့ရောင်ရသစာတမ်း" ( ၁၉၉၃ ) စာအုပ်အမှာ တွင် ရေးသားခဲ့၏။ ထိုစာအုပ်ကို (၂၀၀၆) ခုနှစ်တွင် စန္ဒာဝင်းစာပေက ဒုတိယအကြိမ် ရိုက်နှိပ်ခဲ့သည် ။ ရသစာတမ်းကို နှစ်နှစ်ခြိုက်ခြိုက် ဖတ်ရှုသူတို့ ရှိလာသဖြင့် ဝမ်းမြောက်မိပါ၏။

ကျွန်တော် အလျဉ်းသင့်သလို ထုံ့ပိုင်းထုံ့ပိုင်း ရေးဖြစ်သော ရသစာတမ်းများကို စုစည်းလျက် ဂိတ်တံခါး၊ ပုဏ္ဏားတိုင်၊ နာရီခွဲသူများ ၊ ဓနဗေဒ၊ အလှဗေဒ၊ စည်းသုံးချက်ဝါးသုံးချက်၊ ဒိန်ခဲ၊ ခေါက်ရာနှင့် ဝက်ပါ

လမ်း၊ ဆက်ဖတ်ရင်ရာဇဝင်တွင် ကွက်ဖတ်ရင်ပုံပြင်၊ ရသစာမွန်ပုံရိပ် စသည် ဖြင့် စာအုပ်များ ထွက်ရှိခဲ့၏။ တစ်အုပ်နှင့် တစ်အုပ်အပေါ် စာဖတ်ပရိသတ်တို့ တုံ့ပြန်ပုံ သဘောထား ခံစားချက်များ မတူကြ။

ယခု "သက်တံရောင်နှင့် ဒိန်းသံ" ဟူသော ရသစာတမ်းစုစည်းမှုတစ်အုပ် စာဖတ်ပရိသတ် လက်ဝယ်သို့ ဆက်ကမ်းလိုက်ပါပြီ။ တစ်အုပ်လုံးကို ခြုံကြည့်လျှင် စာရေးသူ၏ ဘဝဖြတ်သန်းမှု အတွေ့အကြုံနှင့် ခံစားမှုတို့ ရောယှက်ပါဝင်နေမည်မုချ ဖြစ်ပါသည် ။ ခေတ်ပြိုင်ခံစားချက်တို့လည်း ထင်ဟပ်နေပါလိမ့်မည်။ ဘဝအမြင်ဟု ဆိုအပ်သော စာရေးသူ၏ ယုံကြည်ချက်၊ ခံယူချက်တို့ လည်း ကွဲကူးရေပါ ရသစာပေတွင် ပျော်ဝင်နေအံ့ဟု ယူဆပါသည် ။

"လောကကောင်းဆိုး၊ ကံသုံးမျိုး၏

ကျိုးပြစ်ချိန်လျှာ၊ အမြင်ပါ၍

မေတ္တာ ဓမ္မ၊ အမြင်ပြ၍

ဘဝခြေခံ၊ စိတ်ကူးဉာဏ်ဖြင့်

ဖန်တီးပါမှ စာအလှ . . . "

ဟူသော ဆရာဇော်ဂျီထွန်းပြသည့် စာပေအလင်းရောင်ကိုလည်း ကျွန်တော်နှလုံးသွင်းမိပါ၏။

နွေနေပူဒဏ်ကို ခံစားလာရပြီး မိုးတစ်ဖြောက်နှစ်ဖြောက်ကျကာ . . . ရာသီအပြောင်းဝယ် . . . ဆရာဇော်ဂျီထွန်းပြသည့် အလင်းရောင်ဖြင့် ကျွန်တော် အားယူကာ ကောင်းကင်ပြာကို မော့ကြည့်မိသည့် အခါ သက်တံရောင်ကလေးများကို မိုးမှုန်များကြားမှာ မြင်ရလေသည် ။

ကြည်နိုင်

၈-၆-၂၀၁၆

*



ကလေးရွယ်ငယ်ဘဝနှင့် လောကအလယ်

ရွှေစည်းပုံ
သုံးအိမ်နှောပါလို့
မယ်ရောပ၊ မောင်နှင့် ကွယ်။
ကြောက်ခမန်း
ညောင်နန်းမှာ ဝေလေလေပ
အထွေထွေ၊ တစ္ဆေကိုမေးပါလို့
ပြေးတဲ့ အရွယ်။
အင်းမနေ၊ မြေမနင်းရယ်နဲ့
ခေါင်းခေါက်ရင်း ထိပ်ပုတ်တယ်
စိတ်လုပ်မယ်လို့ မကြံဖြစ်။
ညအခါ
လသာသာဖန်တို့လို့
တန်ကို့နော်မဆိုရဲရှာဘူး
ကစားရွယ်ငယ်ကတည်းက
စွဲတဲ့ အချစ်။ ။

ဦးရဲခင်

ကျွန်တော်သည် စာဆို "ဦးရဲဒင်" ၏ "ကစားရွယ်" ဆိုသည့် ကဗျာလေးကို အမှတ်ရမိတိုင်း ကလေးဘဝ ကစားပျော်မွေ့ခဲ့ရသည့် ငယ်ဘဝကို သတိရမိ၏။ တကယ်တော့ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရသည့် ကစားရွယ်သည် လူ့ဘဝတွင် အပူအပင်ကင်းစွာဖြင့် ပျော်မွေ့ခဲ့ရသော ကစားအရွယ်ပင် ဖြစ်၏။ ကျွန်တော်တို့ ထက် ကျွန်တော်တို့ ၏ အဘိုးအဘွားတို့ ကစားရွယ်ကား ပို၍ ပို၍ ပျော်ဖွယ်ကောင်းလေမည်လားဟု မှန်းဆကြည့်မိ၏။ ဦးရဲဒင်၏ ကဗျာကလေးကို ဖတ်ကြည့်လျှင် မှန်းဆလို့ ရမိလိမ့်မည်ထင်၏။

"ရွှေစည်းပုံ

သုံးအိမ်နှောပါလို့

မယ်ရောပ မောင်နှင့် ကွယ် . . ."တဲ့ ။

တကယ်တော့ . . . ကဗျာထဲက "စည်းပုံသုံးအိမ်"

ကစားနည်းကို ကျွန်တော်တို့ မကစားဖူးခဲ့။ ပထမလူရွေးကြရသည် ။ ကစားနည်းခြားနားကြသော်လည်း ကစားပွဲဝင်နွဲသူတိုင်း "လူရွေးလင်္ကာ"နှင့် တိုးခဲ့ကြရသည် ။ ဗွေဆော်၊ ဘိတ်ရွေးကြရသည် ။ အရွေးခံရသည် ။ ဒိုင်လူကြီး လုပ်သူက လူရွေးလင်္ကာကို ရွတ်ဆိုကာ ရွေးရသည် ။ ရွတ်သူပါ ထည့်အရွေးခံရသည် ။ "စည်းပုံသုံးအိမ်" ကစားနည်းကလေးကို ကြည့်ပါ။

"စည်းပုံသုံးအိမ်

တို့ ကိုမှိန်

လွှန်းရှိန်ကဲပုံပြေး . . . "

ဟု ဆိုကာ ဝိုင်းလျက်ဖြစ်စေ၊ စီတန်းလျက်ဖြစ်စေ လင်္ကာဆိုသော

ပြေးသူက ပြေးရသည် ။ နောက်ဆုံးကျန်သူက ခွေးရူးလိုက်ရသည် ။ မြေကြီးတွင် တုတ်ချောင်းလေးဖြင့် စည်းလေးချက် ခပ်ခွာခွာတားရ၏။ ထိုအခါ စည်းများကြားကွက်လပ် ၃ ခုသည် ၃ အိမ်ဟု ဆိုရသည် ။ ဘေးက စည်းဝိုင်းခတ်ထားပြီး စည်းတွင်းအိမ်ထဲဝင်ရပ်နေလျှင် ပုတ်ခွင့်မရှိ။ အပြင်ထွက်ပြေးလျှင် လိုက်ပုတ်ရသည် ။ အပုတ်ခံရသူ ခွေးရူးအဖြစ်ပြန်လိုက်ရသည် ။ ဦးရဲဒင်၏ ကဗျာလေးထဲတွင် ညောင်ပင်တစ္ဆေကစားနည်း၊ အင်းမနေမြေမနင်း ကစားနည်း၊ ထိပ်ပုတ်တမ်းကစားနည်း ဖန်တို့တမ်းကစားခြင်းတို့ ပါ စုံလှသည် ။ ကျွန်တော်တို့ လည်း ထိုကစားနည်းများ ကစားဖူးခဲ့ကြသည် ။ သို့သော် "လူရွေးလက်ာ"ကား တစ်ခေတ်နှင့် တစ်ခေတ်မတူ။

ကျွန်တော်တို့ ခေတ်က . . .

"မိုးမြေ - တစ်ကလော်နှစ်ကလော်

မီးတွင်းစကြာ၊ ကညာရေအိုး

ပိုးလိုးပက်လက်၊ ကွဲ - ထွက်"

ဟု ဆိုကာ အယောက်စေ့ . . . ရေပြီး "ထွက်" ကျသူက အရင်ထွက်နှင့် ကာ နောက်ဆုံးကျန်သူက ခွေးရူးလုပ်လိုက်ရသည် ။ ဗွေဆော်နှင့် ဘိတ် . . . ရွေးချယ်ပုံနည်းမျိုးစုံ တွေ့ရ၏။

-တချို့က စုံမဝ့ုက်၍ ရွေးသည် ။

-တချို့က ခေါင်းပန်းလှန်၍ ရွေးသည်

-တချို့က လက်တစ်ဖက်လျှင် တစ်စုံတစ်ရာကို

ဆုပ်ထား၍ အရာဝတ္ထုပါသည့် လက်ကို

တစ်ဖက်လူအား မှန်အောင်ရွေးယူစေသည် ။

-လက်ချောင်းလေးများ အညီစုဆုပ်ထားပြီး

လက်ရှည်၊ လက်တိုမှန်အောင် ရွေးခိုင်းသည် ။

တချို့က တုတ်တို၊ တုတ်ရှည်။

-လူရွေးပုံထဲတွင် "ကျား - ဗိုလ်"ရွေးနည်းလည်း

ခေတ်စားလှသည် ။ ပုံတူသရုပ်ဆောင်၍ ရွေးရခြင်း ဖြစ်သည် ။

ကလေးနှစ်ဦးမျက်နှာချင်းဆိုင် ရပ်ရ၏။ အသင့်ဖြစ်သောအခါ

လက်ခုပ်ပြိုင်တူ တစ်ချက်တီးရ၏။ ဗိုလ်၊ ကျား၊ စစ်သား၊ တစ်ဦး

ဦး၏ သရုပ်ကို လျင်မြန်စွာ လုပ်ရ၏။ ဗိုလ်သရုပ်ဖော်လိုလျှင်

ခါးထောက်ရ၏။

-စစ်သားသရုပ်ဖော်လိုလျှင် သေနတ်ချိန်ရ၏။

-ကျားသရုပ်ဖော်လိုလျှင် ခုန်အုပ်ဟန်ပြုရ၏။

အနိုင်အရှုံးဆုံးဖြတ်ရန်မှာ ကျားကို စစ်သားကနိုင်၏။ စစ်သားကို စစ်ဗိုလ်ကနိုင်၏။ စစ်ဗိုလ်ကို

ကျားက နိုင်ပြန်သည် ။ ရှုံးသူက ထွက်ရ၏။ နောက်ဆုံးကျန်မည့် သူမှာ ဗွေဆော် ဖြစ်၏။

"ကစားချင်း" လူရွေးလင်္ကာများမှာ လည်း အမျိုးမျိုးရှိကြသည် ။ "အန်ဂလီ၊ မန်ဂလီ၊ ပြွတ်သီ၊ ဝင်ဂ၊ အာ - လီ၊ တမန်အန်တာ၊ စိန်ထွက်" "အန်ဂလီ၊ ဗိုဂလီ၊ ပစ္စည်းတိုင်၊ ပစ္စည်းဝန်တာ၊ အာလစ်စိုင်၊ အန်ထွာ၊ ဗိုဘီးစိန် . . . " ( အဓိပ္ပာယ်ကို ခေါင်းခြောက်ခံ မစဉ်းစားပါနှင့် အချို့ကစားချ

င်း လက်ာများမှာ အသံတုန်း - ရွှတ်သံ ကိုသာ ယူသည် ထင်၏။ ) “ငါးပိတစ်လက်၊ ဆားတစ်လက်၊ ရေနံ့အိုးကတောင်းကျိုက် . . . လိုက် . . . လိုက်ပေမောင်မင်း ဂျင်း။ ဂျင်းနဲ့ လက်ဖက် မနှစ်သက်။ သစ်ပင်ပေါ် ပလွေမှုတ်၊ ကျီးကန်းလက်ဖက်သုပ် . . . ဂျုတ် . . . ”

တချို့က ပြောင် - နောင် - နောင် - ပဘေပေး - ဂို

ဟု ဆိုကာ . . . လက်ဖြန့်လက်လှန် ထူးခြားမှုယူကာ ရွေးကြသည်လည်း ရှိလေသေး၏။

*

( ၂ )

“ဝလုံးနဲ့ သုည

တစ်နေ့သားမှာ အလှပြိုင်ကြ

ဝလုံးလေးက - သူ့ကိုယ်ကို

ကြည့်ပါကြည့်ပါ့ဆို။

လပြည့်ဝန်းလို ဝိုင်းဝိုင်းစက်

ပါးစုန့်ဖောင်းဖောင်းထွက်သတဲ့

သုညကလေးက မျက်နှာငယ်

ပါးစပ်ဟလို့ နှုတ်အတယ်

မနီလေးရယ် ကယ်ပါဦး

ငါ့မှာ ပြိုင်တိုင်းရှုံးပတဲ့ ။

မှန်ကလေး ယူလို့ လာ

သည် မှာ ကြည့်ဦး၊ ကြည့်ပါဦး

ဝလုံးလေးက ခပ်ပြုံးပြုံး

ဘယ့်သူ့ဘယ်သူမှ မရှုံး

လုံးတုံး . . . လုံးတုံး . . .။”

တစ်နေ့ . . . မူကြိုကျောင်းကလေးရှေ့မှ ဖြတ်အသွား မူကြိုဆရာမကလေးက ကလေးများကို ကလေးကဗျာလေးရွတ်ဆိုချပေးကာ ကလေးများက သံပြိုင်လိုက်ဆိုကြသံကို ကြားရ၏။ ကလေးများမှာ သူတို့ဆရာမလေး၏ အမူအရာကို သံပြိုင်ဆိုနေကြပုံသည် . . . ကြည်နူး ပျော်ရွှင်စရာပင် ဖြစ်တော့၏။ ကျွန်တော်သည် . . . လမ်းနံဘေးတွင် ခေတ္တရပ်၍ နားထောင်ကာ ကလေးများကို လှမ်းကြည့်နေမိ၏။

ကျွန်တော်တို့ တုန်းက အပေါင်းအသင်းများ နှင့် ကစားကွင်းထဲ၊ ကျောင်းဆင်းချိန် ကျောင်းဝင်းကျယ်ကြီးထဲ လူရွေးလက်ာ၊ ကစားချင်းရွတ်ကာ၊ ဗွေဆော်၊ ဘိတ် ရွေးလျက် . . . ကစားခဲ့ကြရသည် ။ ယခုမူကြိုနေနိုင်သူ ကလေးတို့ ကား . . . သူတို့ ဆရာမလေး သင်ပေးသည့် “ဝလုံးနှင့် သုညအလုပြိုင်ပွဲ” ကဗျာလေးကို ဆိုနေကြရသည် ။ ခေတ်ကာလအနေအထား ပြောင်းချင်ပြောင်းမည်။ ကလေးတို့ ၏ ကဗျာရွတ်ဆိုချင်မှုလက်ာရွတ်ဆိုသံ ပြိုင်ဟစ်လိုမှု စရိုက်ဓလေ့ကားမပြောင်း။ သူတို့ လွတ်လပ် ပျော်ရွှင်စွာ ကစားလိုကြ၊ တွေ့ကရာ သံပြိုင် - ချီချ . . . ကဗျာထဲတွင် မနီကလေးက ဒိုင်လုပ်၍ မှန်ထောင်ပြသည် ။ သုညကလေးကလည်း . . . လုံးတုံး၊ ဝလုံးကလေးကလည်း လုံးတုံး . . . ဘယ်သူ့ဘယ်သူမှ မရှုံးဟု ကဗျာကလေးကို အဆုံးသတ်ထား၏။

လူ့လောကထဲတွင် ကား ကလေးဘဝလို ရိုးရှင်းပါရဲ့ လား။ လူသည်

လောဘသား ဖြစ်၏။ ငါစွဲအတ္တကြီးသူတို့ ၏ လူ့သဘာဝပေတည်း . . .။

ငါစွဲအတ္တအကြောင်း - ယှဉ်ပြိုင်မှုအကြောင်း စဉ်းစားမိသည့် အခါ သိပ္ပံမောင်ဝရေးဖူးသည့် "ရွေးကောက်ပွဲ" ဟူသည့် စာတစ်ပုဒ်ကို သတိရမိ၏။ မင်းတိုင်ပင် ရွေးကောက်ပွဲ၊ မြူနီစီပယ်ရွေးကောက်ပွဲ၊ ဒိစကြိတ်ကောင်စီရွေးကောက်ပွဲ၊ သူကြီးရွေးကောက်ပွဲ၊ ကျေးရွာကော်မတီရွေးကောက်ပွဲများ လိုက်သည့် ရွေးကောက်ပွဲတွေ။

ထိုထိုရွေးကောက်ပွဲများ ထဲမှ သိပ္ပံမောင်ဝ တင်ပြထားသည့် ကား " လင်းလွန်ပင်ရွာသူကြီးရွေးကောက်ပွဲ" အကြောင်းဖြစ်သည် ။

"လင်းလွန်ပင်သူကြီးဦးဘိုးဆောင်ကား လူဆိုးဓားပြတို့ ကို ကြောက်သောကြောင့် သူကြီးအလုပ်မှ နုတ်ထွက်သည် မှာ နှစ်လခန့်ကြာလေပြီ။ သူ၏ သားမောင်သာပန်းက ရွာကို ခေတ္တအုပ်ချုပ်လျက်နေ၏။ ရွေးကောက်ပွဲတော့ ထွန်းကားနေသော ခေတ်ကြီးထဲတွင် သူကြီးရွေးကောက်ပွဲကို ပြုလုပ်ရပေမည်။ ရေးခေတ်ကမူကား သူကြီးသားမှာ မပင်ပန်းဘဲ သူကြီးဖြစ်သွားမည်မှာ မုချပင် . . . " ဟု အစချီကာ သိပ္ပံမောင်ဝက တင်ပြထား၏။

လင်းလွန်းပင်ရွာတွင် ကျွတ်စီကျွတ်စီ ဖြစ်နေပြီ။ အင်းသားကြီး မောင်ရွှေကျေးလည်း အရွေးခံမည်ဆို၏။ သူသည် ပစ္စည်းခိုင်လုံ၏ အသောက်အစားကင်း၏ လူရည်လည်၏ ။ သို့ရာတွင် ရွာသားများ နှင့် မသင့်ဟု ပြောသံကြားရ၏။ မောင်သာပန်းကား သူကြီးသား ဖြစ်၏။ မျက်နှာရှိပြီးသား ဖြစ်သည် ။ သူကြီးဟောင်း ဦးဖိုးဆောင်မှာ ကျေးရွာအုပ်ချုပ်ခြင်းတွင် ညံ့၏။ အခွန်အကောက်ခံ ခြင်းတွင် ဖျင်း၏။ တရားစီရင်ခြင်းတွင် ဘာတစ်ခုမျှ မတတ်။ သို့သော် ရွာသားတို့ ၏ မျက်စိနှင့် ကြည့်လျှင် ဦးဖိုးဆောင်မှာ သူကြီးအရည်အချင်းနှင့် များ စွာ ပြည့်စုံသူဖြစ်လျက် နေ

၏။ သူကြီးညှံ့လေ ရွာသားကြိုက်လေနှစ်သက်လေ၊ မြတ်နိုးလေပင် ဟု သိပ္ပံမောင်ဝက သူ ဖြတ်သန်းရသည့် ခေတ်အခါ အတွေ့အကြုံကို တင်ပြထားလေသည် ။

ဤသို့ဖြင့်မဲဆွယ်ကြပုံ၊ ဆယ်အိမ်ခေါင်း ဦးဘမောင်က မောင်သာပန်းကဘက်ကတိုက်တွန်း၊ ကျေးရွာကော်မတီ ဦးထွန်းအောင်က မောင်ရွှေကျေးဘက်မှ အားပေးလေ၏။ သူတို့ နှစ်ယောက် လယ်ထွန်ရာတွင် သတ်ကြပုတ်ကြ၏။

ဤသို့ဖြင့် လင်းလွန်းပင်ရွာသူကြီးရွေးကောက်ပွဲအကြောင်း အသက်မျှမရှူနိုင်ဘဲ အပြီးထိဖတ်ခဲ့ရ၏။ မောင်လူအေးကိုယ်တိုင် ထိုသူကြီးရွေးကောက်ပွဲကို ကြပ်မတ်စစ်ဆေးပေးရ၏။ သူကားနယ်ပိုင်ဝန်ထောက် အရေးပိုင်ဖြစ်သည် ။ ရွေးကောက်ပွဲအနေအထားကို မျက်စိထဲ ကွင်းကွင်းကွက်ကွက် မြင်လာအောင် ရေးထားပေ၏။ ပြီးမှ ပင် သက်ပြင်းချနိုင်တော့၏။

“မောင်လူအေးလည်း မောင်သာပန်းနှင့် မောင်ရွှေကျေးတို့ အား မေးစရာရှိသည် တို့ ကို စစ်ဆေး၏။ အုပ်စုသူကြီးတို့ အားလည်း စစ်ဆေးလေသည် ။

ဤသို့ စစ်ဆေးပြီးလျှင် ပုံးစိမ်းနှင့် ပုံးနီတို့ ကို မဲဆန္ဒရုံကလေးအထဲမှ ယူထုတ်ပြီးလျှင် လူကြီးများ စုံရာရှေ့တွင် ပုံးများကို ဖွင့်ကာ မဲပြားများကို ရေတွက်၏။ ပရိသတ်ကားငြိမ်လျက်ပင်…” ဟု သိပ္ပံမောင်ဝရေးထား၏။ အားပြိုင်မှုသည် ဆွဲဆောင်နိုင်အားရှိလေသည် ။ (အဆုံးသတ်အား သိလိုလျှင် စာဖတ်ပရိသတ်များ မြန္မာစာအုပ်တိုက်ထုတ် “ သိပ္ပံမောင်ဝ၏ ဝတ္ထု ဆောင်းပါးများ ” စာအုပ် “ရွေးကောက်ပွဲ” တွင် ရှာဖတ်ပါလေ…) ကျွန်တော်ကား…သိပ္ပံမောင်ဝ၏ စာကိုဖတ်ပြီး နောက်

စာတစ်ပုဒ်ကို သတိရမိပြန်၏။

*

## (၃)

"ရှင်ဘုရင်လုပ်ချင်တဲ့ သူ လက်ထောင်ဟု ဆိုလျှင် မိန်းမထဲက အချို့ နောက်တွန့်သွားကြမည်ဖြစ်သော်လည်း ယောကျ်ားထဲကမူကား. . . နို့စို့ အရွယ်မျှ မကျန်အားလုံး လက်ထောင်ကြမည်ဖြစ်လေသည် ..." ဇေယျ

ကျွန်တော်သည် ဆရာဇေယျ၏ "ရှင်ဘုရင် လုပ်ချင်သူ လက်ညှိုး ထောင်" ဆိုသည့် စာတစ်ပုဒ်ကို သတိရပြန်၏။

"ရှင်ဘုရင်၏ တန်ခိုးအာဏာ၊ ရှင်ဘုရင်၏ စည်းစိမ်၊ ရှင်ဘုရင်၏ အခမ်းအနားများကား လူတိုင်းတောင့်သဖွယ်ဖြစ်ပေသည် ။ လောက၌ ရှင်ဘုရင်ဖြစ်ရသောသူသည် အလွန် ကုသိုလ်ထူးပေသည် " ဟု ဆရာဇေယျက အစချီကာ လောက၌ ရှင်ဘုရင်မလုပ်ချင်သူမရှိဟု ထင်ရကြောင်း၊ သို့သော် မင့်ကို ရှင်ဘုရင်ခန့်တော့မယ်ဟေ့ ဟု ဆိုလျှင် အသက်ဆံဖျား၊ ဖနောင့်နှင့် ခြေဖဝါးတစ်သားတည်းကျအောင် ပြေးရသော အရပ်များ စွာရှိကြောင်း တင်ပြထား၏။

မြန်မာပြည်အရှေ့ခမင်းတို့ ဒေသဖြစ်သော ကမ္ဘောဇပြည်၌ မူကား မီးဘုရင်၊ ရေဘုရင်ခေါ်သော မင်းဇကေရာဇ်ရာထူးများ လစ်လပ်သွားလျှင် အရိုက်အရာတော်ကို ဆက်ခံထိုက်သူအား အတင်းအဓမ္မ မရမကပြုလုပ်၍ ပေးရကြောင်း၊ ပစိဖိတ်သမုဒ္ဒရာအတွင်း "ဆဲဗိတ်" အမည်ရှိသော ကျွန်းတွင် ရှင်ဘုရင်ရာထူးကား အလွန်ကြောက်မက်ဖွယ်ကောင်းသောအရာဟု ယူဆကြသဖြင့် နောက်ဆုံးအရိုက်အရာတော်ကို ဆက်ခံမည့် သူ မရှိသောကြောင့် မင်းဆက်ပြတ်ခဲ့ရကြောင်း ဆရာဇေ

ယျ ရေးထား၏။ "အာဖရိကတိုက် အနောက်ပိုင်း အချို့ဒေသများ တွင် ရှင်ဘုရင်သေလျှင် . . .

ဘယ်သူ့ကို ရှင်ဘုရင်မြှောက်မည်ဟု မပြောဝံ့ဘဲ ဆွေတော်မျိုးတော်များက တိတ်တဆိတ်တိုင်ပင်ကြပြီးလျှင် ရှင်ဘုရင်မြှောက်ရန် သဘောတူသူကို ရုတ်တရက် မိအောင်ဖမ်း၍ နတ်ကွန်းလှောင်အိမ်၌ ရှင်ဘုရင်လုပ်ပါတော့မည်ဟု ဝန်မခံမချင်း ချုပ်နှောင်ထားရကြောင်း။ တစ်ခါတစ်ရံ ချုပ်နှောင်ထားရာမှ ပင် ထွက်ပြေးသွားကြောင်း၊

အာဖရိကတိုက်၊ ဆီးရီးယားကျောင်းနယ်ရှိ တင်းမီးလူမျိုးတို့ မှာ ရှင်ဘုရင် နတ်ရွာစံပြီးလျှင် နောက်တစ်ယောက်ကို တိုင်းသူပြည်သားများက တင်မြှောက်ရသည် ။ ထိုသို့ ရွေးကောက်ပြီးနောက် ရှင်ဘုရင်လောင်းကို ရာဇဘိသိက်ခံကာနီး ရွေးကောက်သူများက ဝိုင်းဝန်းရိုက်နှက်ခွင့်ရသည် ။ ရှင်ဘုရင်ဖြစ်ပြီးသည့် နောက် မူကား မျက်နှာကိုမျှ ဖူးမြော်ခွင့်ရကြမည် မဟုတ်သောကြောင့် မိမိတို့ အခွင့်ရတုန်း ရိုက်ချင်သလောက် ဝိုင်းရိုက်နှက်ကြသဖြင့် အချို့မင်းလောင်းများမှာ ဘိသိက်တော် မခံရမီကပင် ရိုက်ဒဏ်ကြောင့် သေကြရလေသည် ။ အချို့ အတော်အတန် ခံနိုင်ရည်ရှိ၍ ပွဲချင်းပြီး မသေသော်လည်း ဘိသိက်ခံပြီး နန်းတော်ပေါ်ရောက်ပြီးနောက် မကြာမြင့်မီမှာ ပင် နတ်ရွာလားကြရသတဲ့ "

ကျွန်တော်သည် ဆရာဇေယျ၏ ဆောင်းပါးကို ဖတ်ရင်း ဖတ်ရင်းက လန့်လာ၏။ ဆရာဇေယျ . . . သူ၏ ဆောင်းပါးကို အဆုံးသတ်ထားပုံကလေးကလည်း သင်းလှပါ၏။ ကြည့်ပါ။

ထို့ကြောင့် လက်ညှိုးထောင်မည်ကြံလျှင် ရွှေဘုံရွှေနန်း မိဖုရားမောင်းမမိဿံများ နှင့် စမတ်ကျကျ စည်းစိမ်တော်များကို မကြည့်ဘဲ၊ ရှင်ဘု

ရင်မဖြစ်မီ ဝင်ရောက်ဖြေဆိုရမည့် အစမ်းခံစာမေးပွဲကြီးကိုလည်း ကြည့်ရှုဆင်ခြင်လျက် မိမိတို့ စိတ်ကို မိမိတို့ နိုင်မှ လက်ညှိုးထောင်ကြရမည်။

**စာကိုး**

၁ ။ ကျေးလက်ပျော်ရွှင်မှုများ ( စံထွန်းအောင် ) စာပေဗိမာန်ထုတ်။

( ၁၉၆၈ ) ခု

၂ ။ သိပ္ပံမောင်ဝ ဝတ္ထုဆောင်းပါးများ ( မြန္နစာတိုက် ) ရန်ကုန်။

( ၂၀၀၄ - ခု )

၃ ။ ဧယျစာစုများ ( ၂ ) - ပန်းရွှေပြည်စာအုပ်တိုက်ထုတ်

( ၂၀၀၀ - ပြည့်နှစ် )

မြန်မာ့ဓနမဂ္ဂဇင်း၊ ၂၀၁၀၊ ဇွန်လ

*